MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC CO., LTD.

MAGDPL

MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

ရက်စွဲ။ ။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစုများအား ထုတ်ယူနိုင်မည့် အစီအစဉ်များကို အသိပေးကြေညာခြင်း

၁။ မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်မှ ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အဆိုပြုအမြတ်ဝေစု ပမာဏကို သာမန်အစုရှယ်ယာ တစ်စုလျှင် ကျပ် (၅၀၀) နှုန်းခွဲဝေရန် ဆုံးဖြတ်ကြောင်း ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ ပါသည်။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဧကာဒသမအကြိမ် မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင်လည်း အစုရှယ်ယာရှင်များထံ အသိပေး ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့၏ (၁/၂၀၂၄-၂၀၂၅) အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ အစုရှယ်ယာရှင်များထံသို့ အမြတ်ဝေစုခွဲဝေပေး မည့်နေ့ကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်အဖြစ် သတ်မှတ်ပါကြောင်း အသိပေးကြေညာအပ် ပါသည်။

## ၃။ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုခွဲဝေခြင်း

### (က) ငွေချေးသက်သေခံလက်မှတ်စာရင်း ဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များ

ငွေချေးသက်သေခံလက်မှတ်စာရင်းဖွင့်လှစ်ထားသော အစုရှယ်ယာရှင်များအတွက် အစုရှယ်ယာရှင်များ စာရင်းဖွင့်လှစ်ထားသည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ၏ ဘဏ်စာရင်းများသို့ တိုက်ရိုက် လွှဲပြောင်းပေးမည် ဖြစ်ပါသည်။

MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC CO., LTD.

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

(၁) **ငွေချေးသက်သေခံလက်မှတ်စာရင်း ဖွင့်လှစ်ထားခြင်းမရှိသော အစုရှယ်ယာရှင်များ**

ငွေချေးသက်သေခံလက်မှတ်စာရင်း ဖွင့်လှစ်ထားခြင်းမရှိသေးသော အစုရှယ်ယာရှင်များအနေဖြင့် ကိုယ်တိုင်ဖြစ်ပါက Share Certificate (မူရင်းနှင့်မိတ္တူ)နှင့် မှတ်ပုံတင်မူရင်း ပြသ၍လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့် ထုတ်ယူလိုပါက ကိုယ်စားလှယ်လွှဲစာနှင့်အတူ Share Certificate (မူရင်းနှင့်မိတ္တူ)၊ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မိတ္တူ၊ ကိုယ်စားလှယ်၏ မှတ်ပုံတင် (မူရင်း/မိတ္တူ)တို့နှင့်အတူ MAGDPL ရုံးချုပ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

ဒေါက်တာမောင်မောင်အေး
မန်နေးဂျင်းဒါရိုက်တာ